# သင်ခန်းစာ-၄၇

## ၁။ ဝေါဟာရများ

| | | |
|---|---|---|
| ふきますⅠ<br>［かぜが～］ | 吹きます<br>［風が～］ | တိုက်ခတ်သည်[လေ(က)～] |
| もえますⅡ<br>［ごみが～］ | 燃えます | လောင်သည်၊လောင်မြိုက်သည်၊လောင်ကျွမ်းသည်<br>[အမှိုက် က～] |
| なくなりますⅠ | 亡くなります | ကွယ်လွန်သည်၊အနိစ္စရောက်သည်၊သေဆုံးသည်(しにます：သေသည် ၏ သွယ်ဝိုက်သောအသုံးစကား) |
| あつまりますⅠ<br>［ひとが～］ | 集まります<br>［人が～］ | စုဝေးသည် [လူ(က)～] |
| わかれますⅡ<br>［ひとが～］ | 別れます<br>［人が～］ | ကွဲကွာသည် [လူ(က)～] |
| しますⅢ<br>［おと／こえが～］<br>［あじが～］<br>［においが～］ | <br>［音／声が～］<br>［味が～］ | ရသည်၊ရရှိသည် (ထိတွေ့ခံစားမှုအာရုံစသည်)<br>[အသံ(က)～ (အသံ ကြားရသည်)]<br>[အရသာ(က)～ (အရသာ ရှိသည်)]<br>[အနံ့(က)～ (အနံ့ ရသည်)] |
| きびしい | 厳しい | စည်းကမ်းကြီးသော၊တင်းကြပ်သော |
| ひどい | | လွန်ကဲသော၊အလွန်အမင်းဖြစ်သော |
| こわい | 怖い | ကြောက်သော၊ကြောက်စရာကောင်းသော |
| じっけん | 実験 | လက်တွေ့စမ်းသပ်မှု |
| データ | | အချက်အလက် |
| じんこう | 人口 | လူဦးရေ |
| におい | | အနံ့ |
| かがく | 科学 | သိပ္ပံဘာသာရပ် |
| いがく* | 医学 | ဆေးပညာဘာသာရပ် |
| ぶんがく | 文学 | ဝိဇ္ဇာဘာသာရပ် |
| パトカー | | ကင်းလှည့်ကား |
| きゅうきゅうしゃ | 救急車 | အရေးပေါ်လူနာတင်ယာဉ် |
| さんせい | 賛成 | ထောက်ခံခြင်း |
| はんたい | 反対 | ဆန့်ကျင်ခြင်း |
| だいとうりょう | 大統領 | သမ္မတ |
| ～に よると | | ～အရကတော့(အကြောင်းအရာ၏အရင်းအမြစ်၊မူရင်းသတင်းကိုဖော်ညွှန်းသည်။) |



**〈会話〉**

| | |
|---|---|
| 婚約しますⅢ | စေ့စပ်သည် |
| どうも | ဘယ်လိုတွေးတွေး၊～လိုပဲ (ခန့်မှန်းမှုကိုပြောရာတွင်သုံးလေ့ရှိသည်) |
| 恋人 | ချစ်သူ၊ရည်းစား |
| 相手 | တစ်ဖက်လူ |
| 知り合いますⅠ | သိကျွမ်းသည် |

**〈読み物〉**

| | |
|---|---|
| 化粧 | မျက်နှာအလှပြင်ခြင်း၊မိတ်ကပ်လိမ်းခြင်း (～を します：မျက်နှာအလှပြင်သည်၊မိတ်ကပ်လိမ်းသည်) |
| 世話を しますⅢ | ပြုစုစောင့်ရှောက်သည်။ကိစ္စကြီးငယ်ပြုသည်။ဝေယျာဝစ္စအမှုကိုပြုသည်။ |
| 女性 | အမျိုးသမီး၊မိန်းကလေး၊မ |
| 男性 | အမျိုးသား၊ယောကျ်ားလေး၊ကျား |
| 長生き | အသက်ရှည်ခြင်း(～します：အသက်ရှည်သည်) |
| 理由 | အကြောင်းပြချက် |
| 関係 | ပတ်သက်မှု၊ပတ်သက်ခြင်း၊ဆက်ဆံမှု၊ဆက်ဆံခြင်း |

## ၄။ သဒ္ဒါရှင်းလင်းချက်

**၁.** | **ရိုးရိုးပုံစံ**そうです | V တယ်/မယ်တဲ့။

ပြောသူသည် မိမိ၏ထင်မြင်ချက်ကို မရောနှောဘဲ အခြားမှရရှိသည့်သတင်းအချက်အလက်ကို ကြားနာသူအား ပြောသည့် အသုံးအနှုန်းဖြစ်သည်။ သတင်းအချက်အလက်၏ ရင်းမြစ်ကို ဖော်ပြသည့်အခါ၌ ～に よると ဟူသောပုံစံဖြင့် ဝါကျရှေ့ဆုံး၌ ထား၍အသုံးပြုသည်။

① 天気予報に よると、あしたは 寒く なるそうです。
မိုးလေဝသသတင်းအရ မနက်ဖြန် အေးမယ်တဲ့။

② クララさんは 子どもの とき、フランスに 住んで いたそうです。
မစ္စခုလာလာက ငယ်ငယ်တုန်းက ပြင်သစ်မှာနေခဲ့တယ်တဲ့။

③ バリは とても きれいだそうです。
ဘာလီကျွန်းက တော်တော် လှတယ်တဲ့။

[မှတ်ချက်-၁] သင်ခန်းစာ-၄၃တွင် လေ့လာခဲ့ပြီးဖြစ်သည့်～そうですနှင့် အဓိပ္ပာယ်အရဖြစ်စေ တွဲဆက်သည့်နည်းအရဖြစ်စေ ကွာခြားသောကြောင့် သတိပြုရန်လိုအပ်သည်။

④ 雨が 降りそうです。　　မိုးရွာမယ့်ပုံပဲ။ (သင်ခန်းစာ-၄၃)
⑤ 雨が 降るそうです。　　မိုးရွာမယ်တဲ့။
⑥ この 料理は おいしそうです。　　ဒီဟင်းက စားလို့ကောင်းမယ့်ပုံပဲ။ (သင်ခန်းစာ-၄၃)
⑦ この 料理は おいしいそうです。　　ဒီဟင်းက စားလို့ကောင်းတယ်တဲ့။

[မှတ်ချက်-၂] ～そうです(တစ်ဆင့်စကား)နှင့် ～と いって いました(သင်ခန်းစာ-၃၃)၏ကွာခြားမှု

⑧ ミラーさんは あした 京都へ 行くそうです。
မစ္စတာမီလာက မနက်ဖြန် ကျိုတိုကို သွားမယ်တဲ့။

⑨ ミラーさんは あした 京都へ 行くと 言って いました。
မစ္စတာမီလာက မနက်ဖြန် ကျိုတိုကို သွားမယ်လို့ ပြောသွားတယ်။

⑨တွင် သတင်းအရင်းအမြစ်သည် မစ္စတာမီလာဖြစ်သော်လည်း ⑧တွင်မူ သတင်းအရင်းအမြစ်သည် မစ္စတာမီလာမဟုတ်သည့် အခါမျိုးလည်း ရှိသည်။

**၂.**

| | | | |
|---|---|---|---|
| **V**<br>い**-adj** | **ရိုးရိုးပုံစံ** | ようです | V တဲ့ပုံပဲ။ |
| な**-adj** | **ရိုးရိုးပုံစံ** ～だ→～な | | |
| **N** | **ရိုးရိုးပုံစံ** ～だ→～の | | |

～ようですသည် ပြောသူက စကားပြောဖြစ်ပေါ်သည့်လက်ရှိအချိန်၏အခြေအနေမှ သုံးသပ်သည့်အကြောင်းအရာကို ဖော်ပြသည့် အသုံးအနှုန်းဖြစ်သည်။ "ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မချနိုင်သော်လည်း" ဟူသောအဓိပ္ပာယ်ကို ဖော်ပြသော ကြိယာဝိသေသန どうもကိုတွဲ၍ အသုံးပြုသည့်အခါမျိုးလည်းရှိသည်။

⑩ 人が 大勢 集まって いますね。
……事故のようですね。パトカーと 救急車が 来て いますよ。
လူတွေ အများကြီး စုဝေး(/အုံ)နေတယ်နော်။
......အက်ဆီးဒင့်ဖြစ်နေတဲ့ပုံပဲနော်။ (ကင်းလှည့်)ရဲကားနဲ့ လူနာတင်ကားလည်း ရောက်နေတယ်။

⑪ せきも 出るし、頭も 痛い。どうも かぜを ひいたようだ。
ချောင်းလည်းဆိုးပြီး ခေါင်းလည်းကိုက်တယ်။ ကြည့်ရတာ အအေးမိတဲ့ပုံပဲ။



[မှတ်ချက်] ～そうです(သင်ခန်းစာ-၄၃) နှင့် ～ようです၏ကွာခြားချက်

⑫ ミラーさんは 忙しそうです。　　မစ္စတာမီလာ[က] အလုပ်များနေတဲ့ပုံပဲ။
⑬ ミラーさんは 忙しいようです。　　မစ္စတာမီလာ[က] အလုပ်များနေတဲ့ပုံပဲ။

⑫သည် မစ္စတာမီလာ၏ အပြင်ပန်းဟန်ပန်နှင့်ပတ်သက်၍ ဖော်ပြရုံသက်သက်ဖြစ်သောပြောနည်းဖြစ်သော်လည်း ⑬သည် ပြောသူမှ အခြေအနေတစ်ခု ("တော်တော်နဲ့အဆက်အသွယ်မရဘူး" "စီစဉ်ထားတဲ့ပါတီကိုမလာဘူး"စသည့်) ပေါ်မူတည်၍ ထင်မြင်ယူဆထားသည့် သုံးသပ်ချက်ကို ဖော်ပြထားသည်။

**၃.** | 声／音／におい／味が します |

⑭ にぎやかな 声が しますね。　　ပျော်ပါးသိုက်ဝန်းတဲ့ အသံကြားရတယ်နော်။

ခန္ဓာကိုယ်၏အာရုံခံအင်္ဂါမှတစ်ဆင့်ဖြတ်သန်း၍ အသံ၊ အနံ့၊ အရသာ စသည်တို့ကို ခံစားရခြင်းကို ဖော်ပြသည်။